# King County ၏အဆောက်အဦးအတွင်း နှာခေါင်းစည်းတပ်ရန်အမိန့်သည် ၂၀၂၂ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ပြီးဆုံးပါမည်။



မတ်လ ၁၂ ရက်နေ့ မှစ၍ ယင်းက မည်သည့်အဓိပ္ပာယ် သက်ရောက်မည်နည်း။



အများပြည်သူရှိသည့် အဆောက်အဦးအတွင်း နေရာအများအပြားတွင် နှာခေါင်းစည်းများ လိုအပ်တော့မည် မဟုတ်ပါ-

- ကျောင်းများ၊ ကလေးထိန်းနေရာများနှင့် စာကြည့်တိုက်များ
- စားသောက်ဆိုင်များနှင့် ဘားများ
- ဝတ်ပြုရာနေရာများ
- အားကစားရုံများ၊ အပန်းဖြေစင်တာများနှင့် အဆောက်အဦးအတွင်း အားကစားနေရာများ
- အစားအစာဈေးဆိုင်များ၊ စီးပွားရေး လုပ်ငန်းများနှင့် လက်လီဆိုင်များ

Public Health
Seattle & King County

# အောက်ပါနေရာများ၌ နှာခေါင်းစည်းများ လိုအပ်နေဆဲဖြစ်သည်-

- ဆေးရုံများ၊ ပြင်ပလူနာ၊ သွားဖက်ဆိုင်ရာ နေရာများနှင့် ဆေးဆိုင်များ အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသသည့် နေရာများ
- ရေရှည်စောင့်ရှောက်သည့်အနေအထားများ
- အများသုံးယာဉ်များ၊ တက္ကစီများ၊ ပိုင်ရှင်ကိုယ်တိုင်မောင်းသည့် အငှားယာဉ်များ (ဖက်ဒရယ် သတ်မှတ်ချက်)
- အကျဉ်းချသည့်နေရာများ

Public Health
Seattle & King County

ပုဂ္ဂလိကလုပ်ငန်းများ၊ အဖွဲ့အစည်းများ၊ ကျောင်းများနှင့် ကလေးထိန်းများသည် မိမိတို့ကိုယ်တိုင်၏ နှာခေါင်းစည်းဆိုင်ရာ သတ်မှတ်ချက်များကို အကောင်အထည်ဖော်နိုင်ပါသည်။ လူတို့မှ နှာခေါင်းစည်း ဆက်လက်၍တပ်ရန် ရွေးချယ်ပါက ယင်းကို လေးစားပါ။




Public Health
Seattle & King County

# အဘယ်ကြောင့် ယခုပြုလုပ်ရသနည်း။

ဆေးရုံတင်ရခြင်းများနှင့် ရောဂါဖြစ်ပွားသည့် လူနာဦးရေ ဆက်လက်၍ လျော့နည်းခြင်း၊ မကြာသေးမီက CDC ၏ တိုင်းတာချက်များနှင့် လမ်းညွှန်ချက်များ၊ ကာကွယ်ဆေးထိုးသည့် လူဦးရေမြင့်မားမှုတို့အပေါ် အခြေခံ၍ King County သည် ဒေသတွင်း အဆောက်အဦး အထဲ၌ နှာခေါင်းစည်းတပ်ရန်အမိန့်ကို အဆုံးသတ်နေခြင်း ဖြစ်ပါသည်။



# နောက်မည်သည့်အရာ ပြုလုပ်မည်နည်း။

## ဤသို့ မူဝါဒပြောင်းလဲခြင်းသည် COVID-19 ပြီးဆုံးသွားပြီဟု ဆိုလိုခြင်း မဟုတ်ပါ။

အ◌ေ◌ာက်ပါနည်းများဖြင့် COVID-19 ပြန့်ပွားခြင်းကို ဆက်လက်၍ နည်းပါးစေသည့်အတွက် ကျေးဇူးတင်ပါသည်-

- အကျုံးဝင်သည့်အခါတွင် ကာကွယ်ဆေးထိုးခြင်းနှင့် အားဖြည့်ဆေးထိုးခြင်း
- အဆောက်အဦးအတွင်း လေဝင်လေထွက် ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်း
- နေမကောင်းသည့်အခါတွင် စမ်းသပ်ခြင်းနှင့် အိမ်၌နေခြင်း
- သင်၌အန္တရာယ်မြင့်မားသည့်အခါ၊ အန္တရာယ် မြင့်မားသူများ၏ အနီး၌ရှိသည့်အခါ၊ သို့မဟုတ် လူစုလူဝေး အနေအထား၌ နှာခေါင်းစည်းတပ်သင့်ပါက နှာခေါင်းစည်းတပ်ရန်



Public Health
Seattle & King County